# မြန်မာနိုင်ငံ အေဂျင်စီများအကြား PSEA ကွန်ရက်

# ပူးတွဲဥက္ကဋ္ဌ၏ တာဝန်နှင့် ဝတ္တရားများ

## ၁။ နောက်ခံအခြေအနေ

လူသားချင်းစာနာမှုအခြေအနေများအောက်တွင် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် အကြမ်းဖက်မှုပြုခြင်း (SEA) ကို ကြိုတင်ကာကွယ်စောင့်ရှောက်ပေးရေးနှင့် တုံ့ပြန်ကူညီပေးရေးအတွက် အေဂျင်စီများအကြား PSEA ကွန်ရက် (ယခုမှစ၍ "PSEA ကွန်ရက်" ဟု ခေါ်ဆိုပါမည်) ကို တည်ထောင်ထားရှိသည်။ ပူးတွဲဥက္ကဋ္ဌများသည် PSEA လုပ်ငန်းကို ဦးဆောင်ရာတွင်လည်းကောင်း၊ ပူးပေါင်းဆောင်ရွက်မှုများကို အားပေးမြှင့်တင်ရာတွင်လည်းကောင်း၊ PSEA ကွန်ရက်၏ ရည်ရွယ်ချက်များသို့ ရောက်ရှိစေရေးအတွက် PSEA ကွန်ရက်အား လမ်းညွှန်ရာတွင်လည်းကောင်း အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင် ပါသည်။

လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် အကြမ်းဖက်မှုပြုမှု အန္တရာယ်ကို ခြုံငုံလေ့လာမှု (SEARO) ၏ နောက်ဆုံးထုတ်ပြန်ထားသည့် အချက်အလက်များအရ၊ မြန်မာနိုင်ငံကို SEA အန္တရာယ်ဖြစ်နိုင်ခြေမြင့်မားသော နိုင်ငံတစ်နိုင်ငံအဖြစ် သတ်မှတ်ထားသည်။ ဤသတိပေးချက်အဆင့်သည် အဓိကအားဖြင့် လက်ရှိဖြစ်ပေါ်နေသော လူသားချင်းစာနာမှုအကျပ်အတည်းကြောင့်ဖြစ်ပြီး၊ ကာလရှည်ကြာပြီဖြစ်သည့် နိုင်ငံတွင်း လက်နက်ကိုင် ပဋိပက္ခ များနှင့် ရာသီဥတုနှင့်ဆက်စပ်သည့် ဘေးအန္တရာယ်များကလည်း ဤအခြေအနေကို ပိုဆိုးစေသည်။

မြန်မာနိုင်ငံတွင် PSEA အစီအစဉ်ကို ၂၀၁၉ ခုနှစ်တွင် PSEA ကွန်ရက်ကို ဖွဲ့စည်းခြင်းဖြင့်စတင်ခဲ့သည်။ PSEA ကွန်ရက်သည် အရှေ့မြောက်ပိုင်းဒေသ၊ အနောက်မြောက်ပိုင်းဒေသ၊ ရခိုင်ဒေသနှင့် အရှေ့တောင်ပိုင်း ဒေသတို့အပါအဝင် နိုင်ငံအဆင့်နှင့် ပြည်နယ်/ဒေသကြီးအဆင့်နှစ်မျိုးလုံး၌ လုပ်ငန်းလည်ပတ်ဆောင်ရွက်သည်။ PSEA ကွန်ရက်တွင် ဘေးဒဏ်ခံရပ်ရွာပြည်သူများ၏ လိုအပ်ချက်များကို ဖော်ထုတ်ဖြေရှင်းရန် လုပ်ကိုင်နေသည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာနှင့် ပြည်တွင်းမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများ ပါဝင်ကြသည်။

## ၂။ ရည်ရွယ်ချက်

PSEA ကွန်ရက် ပူးတွဲဥက္ကဋ္ဌ (ယခုမှစ၍ "ပူးတွဲဥက္ကဋ္ဌ" ဟုခေါ်ဆိုပါမည်) ၏ အခန်းကဏ္ဍမှာ အေဂျင်စီများအကြား PSEA ဆိုင်ရာ ညှိနှိုင်းရေးမှူး (ယခုမှစ၍ "PSEA ညှိနှိုင်းရေးမှူး"ဟု ခေါ်ဆိုပါမည်)နှင့်အတူတွဲ၍ PSEA ကွန်ရက်အား ဦးဆောင်ပြီး မဟာဗျူဟာအဆင့်လမ်းညွှန်မှု ပေးရန် ဖြစ်သည်။

## ၃။ တာဝန်များ

ပူးတွဲဥက္ကဋ္ဌသည် PSEA ညှိနှိုင်းရေးမှူးနှင့် ပူးပေါင်း၍ အောက်ပါတို့ကို တာဝန်ယူ ဆောင်ရွက်ရပါမည် -

**<u>မဟာဗျူဟာအဆင့် ဦးဆောင်မှုပေးခြင်း</u>**

(က) PSEA ကွန်ရက်အတွင်းတွင်လည်းကောင်း၊ အခြားသော သက်ဆိုင်သည့် အဓိကဖိုရမ်အဖွဲ့များတွင်လည်းကောင်း PSEA ဆိုင်ရာ အခြေခံစည်းမျဉ်းများနှင့် အလေ့အထများကို တက်ကြွစွာဖြင့် အားပေးမြှင့်တင်ခြင်း။

(ခ) နိုင်ငံတော်အဆင့် လူသားချင်းစာနာမှုအဖွဲ့ (HCT)နှင့် နိုင်ငံတော်အဆင့် ကုလသမဂ္ဂအဖွဲ့ (UNCT) တို့က သတ်မှတ်ထားသည့် ခြုံငုံရည်မှန်းချက်များနှင့်အညီ PSEA ကွန်ရက်ကို မဟာဗျူဟာအဆင့်လမ်းညွှန်မှုပေးခြင်း - ပူးတွဲဥက္ကဌသည် UNCT/HCT အစည်းအဝေးများတွင် PSEA အား သင့်တော်သလို ဖော်ထုတ်ဖြေရှင်းရန် လုပ်ဆောင်ရမည်။

(ဂ) PSEA ကွန်ရက်၏ လုပ်ငန်းစီမံချက်ပါ လုပ်ငန်းများအား အကောင်အထည်ဖော်ရေးအတွက် ရန်ပုံငွေရှာဖွေခြင်း။

(ဃ) PSEA ကွန်ရက်၏ အဖွဲ့ဝင်များအကြားတွင် တာဝန်ခံယူမှုရှိစေရေး လုပ်ငန်းစဉ်များ ခိုင်မာအားကောင်းစေရန် တိုက်တွန်းလှုံ့ဆော်ပေးခြင်း။

**<u>ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် ကြီးကြပ်ခြင်း</u>**

(က) အစည်းအဝေးများ ပြုလုပ်ခြင်း - PSEA ကွန်ရက်၏ ပုံမှန်အစည်းအဝေးများကို လိုအပ်သလို စီစဉ်ပြုလုပ်၍ ပံ့ပိုးကူညီပေးရမည်။

(ခ) လုပ်ငန်းစီမံချက်ကို အကောင်အထည်ဖော်ခြင်း - PSEA ကွန်ရက်၏ လုပ်ငန်းစီမံချက်အား အကောင်အထည်ဖော်ဆောင်ရွက်မှုကို ကြီးကြပ်ရမည်။

(ဂ) PSEA အစပျိုးလုပ်ငန်းများကို အထောက်အကူပြုရန်၊ PSEA လုပ်ငန်းများနှင့်စပ်လျဉ်း၍ နောက်ဆုံးရအချက်များကို ထောက်ပံ့ပေးရန်နှင့် အရင်းအမြစ်များ ရရှိရေးကို တိုက်တွန်းလှုံ့ဆော်ပေးရန်အတွက် အဆင့်မြင့်အစည်းအဝေးများနှင့် ဖိုရမ်အဖွဲ့များတွင် PSEA ကွန်ရက်ကို ကိုယ်စားပြု၍ ပါဝင်တက်ရောက်ရမည်။

(ဃ) UNCT/HCT, အေဂျင်စီများအကြားအမြဲတမ်းကော်မတီ (IASC)၊ SEA ဆိုင်ရာ အထူးညှိနှိုင်းရေးမှူးရုံး (OSC SEA) နှင့် အခြားသော အဓိက အကျိုးသက်ဆိုင်သူများအတွက် အစီရင်ခံစာများ ရေးသားပြုစုရာတွင် ပါဝင်ကူညီရမည်။

(င) PSEA ကွန်ရက်အဖွဲ့ဝင်များအချင်းချင်း သတင်းအချက်အလက်မျှဝေရေးကို ပံ့ပိုးကူညီပေးရမည်။

(စ) PSEA ညှိနှိုင်းရေးမှူး မရှိသည့်အချိန်တွင် ပူးတွဲဥက္ကဌသည် ညှိနှိုင်းရေးမှူး၏ တာဝန်များကို ယာယီထမ်းဆောင်ရမည်။

**<u>ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း</u>**

အေဂျင်စီများအကြားပူးပေါင်းဆောင်ရွက်ခြင်း - ကဏ္ဍများအချင်းချင်း အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုနှင့် PSEA ကို လုပ်ငန်းတိုင်း၌ ထည့်သွင်းဆောင်ရွက်မှုတိုးတက်စေရေးအတွက် INGO ဖိုရမ်၊ အစုအဖွဲ့များ/အစုအဖွဲ့ခွဲများအပါအဝင် အခြားသော ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့များ၊ နယ်ပယ်ခေါင်းစဉ်အလိုက် လုပ်ငန်းအဖွဲ့များနှင့် ခိုင်မာအားကောင်းသော ဆက်ဆံရေးရှိစေရန် အားပေးမြှင့်တင်ရမည်။

စွမ်းဆောင်ရည်တည်ဆောက်ခြင်း - PSEA ကွန်ရက်၊ အစုအဖွဲ့များ/အစုအဖွဲ့ခွဲများ၊ နယ်ပယ်ခေါင်းစဉ်အလိုက် လုပ်ငန်းအဖွဲ့များနှင့် UNCT/HCT တို့အတွက် သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် အခြားသော စွမ်းဆောင်ရည်တည်ဆောက်ရေးလုပ်ငန်းများကို ကူညီပေးရမည်။

**<u>အစည်းအဝေးများ</u>**

PSEA ပူးတွဲဥက္ကဋ္ဌများနှင့် PSEA ညှိနှိုင်းရေးမှူးတို့သည် အစည်းအဝေးအစီအစဉ်မူကြမ်းနှင့် အစည်းအဝေး ဦးဆောင်ပြုလုပ်မှုတို့ကို ဆွေးနွေးရန်အတွက် PSEA ကွန်ရက်၏ လစဉ်အစည်းအဝေးမတိုင်မီတွင် လစဉ်ဒုတိယပတ်တိုင်း၌ တွေ့ဆုံစည်းဝေးရမည်။ PSEA ညှိနှိုင်းရေးမှူး သို့မဟုတ် PSEA ပူးတွဲဥက္ကဋ္ဌများက မေတ္တာရပ်ခံလာပါက အထူးအစည်းအဝေးများကို ပြုလုပ်နိုင်သည်။

## ၄။ PSEA ပူးတွဲဥက္ကဋ္ဌနေရာများအတွက် အမည်စာရင်းတင်သွင်းခြင်း

(က) ပူးတွဲဥက္ကဋ္ဌအဖြစ်အလှည့်ကျဆောင်ရွက်ခြင်း - ပူးတွဲဥက္ကဋ္ဌနေရာသည် အလှည့်ကျဖြစ်ပြီး၊ ရေရှည်တည်တံ့သော ဦးဆောင်မှုနှင့် မတူကွဲပြားသော အမြင်များရှိစေရေးအတွက် ပုံမှန်အားဖြင့် ကုလသမဂ္ဂအဖွဲ့အစည်းတစ်ဖွဲ့နှင့် ကုလသမဂ္ဂမဟုတ်သည့် အဖွဲ့အစည်းတစ်ဖွဲ့တို့က နှစ်နှစ်သက်တမ်းဖြင့် တာဝန်ယူကြသည်။ ပူးတွဲဥက္ကဋ္ဌများသည် ၎င်းတို့ တာဝန်ထမ်းဆောင်နေသည့် အဖွဲ့တစ်ဖွဲ့ချင်း၏ အကျိုးစီးပွားအတွက်မဟုတ်ဘဲ၊ PSEA ကွန်ရက်၏ အကျိုးစီးပွားတစ်ခုတည်းအတွက်သာ ကိုယ်စားပြုရမည်။

(ခ) ပူးတွဲဥက္ကဋ္ဌနေရာအတွက် ကြိုတင်သတ်မှတ်ချက်များ

- အေဂျင်စီ/အဖွဲ့အစည်းသည် ပူးတွဲဥက္ကဋ္ဌနေရာအတွက် ဝန်ထမ်းများနှင့် အချိန်ကို လုံလောက်စွာ ခွဲဝေပေးမည်ဖြစ်ကြောင်း ကတိကဝတ်ပြုရမည်။
- အေဂျင်စီ/အဖွဲ့အစည်းသည် လက်ရှိတွင် PSEA ကွန်ရက်၏ တက်ကြွသော အဖွဲ့ဝင်တစ်ဦး ဖြစ်နေရမည်။
- အေဂျင်စီ/အဖွဲ့အစည်းတွင် လက်တွေ့ဆောင်ရွက်နေသည့် PSEA မူဝါဒတစ်ခု အသင့်ရှိပြီး ဖြစ်ရမည်။
- အေဂျင်စီ/အဖွဲ့အစည်းသည် PSEA လုပ်ငန်းစီမံချက်အား အထောက်အကူပြုပေးမည်ဟု ခိုင်မာစွာ ကတိကဝတ်ပြုရမည်။

(ဂ) ကြိုတင်အသိပေးခြင်း - PSEA ပူးတွဲညှိနှိုင်းသည် ပူးတွဲညှိနှိုင်းတာဝန်မှ မထွက်ခွာမီတွင် အနည်းဆုံး တစ်လကြိုတင်အသိပေးပြီးနောက် ပြောင်းလဲမှုများ သို့မဟုတ် အသွင်ကူးပြောင်းမှုများကို ချောမွေ့စေရန် စီမံခန့်ခွဲပေးရမည်။

၁၀-၁၂-၂၀၂၄ ရက်နေ့တွင် HCT က အတည်ပြုထားသည့် TOR ဖြစ်သည်။